သာစည်မြို့နယ်

ယင်းမာပင် ကျေးရွာအုပ်စု၊ ယင်းမာပင် ကျေးရွာ

# ယင်းမာပင် ကျေးရွာ

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၉-၂၀၂၃)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ယင်းမာပင် ကျေးရွာ၊ သာစည်မြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)

၂၀၁၉ခုနှစ်၊ ဩဂုတ်လ

မာတိကာ


| | | |
|---|---|---|
| မာတိကာ | | ၂ |
| စကားချီး | | ၃ |
| သာစည်မြို့နယ်၊ ယင်းမာပင် ကျေးရွာအုပ်စု၊ ယင်းမာပင် ကျေးရွာ၏**သယံဇာတပြမြေပုံ** | | ၄ |
| သာစည်မြို့နယ်၊ ယင်းမာပင် ကျေးရွာအုပ်စု၊ ယင်းမာပင် ကျေးရွာ၏ **ရာသီခွင်ပြပြက္ခဒိန်** | | ၅ |
| သာစည်မြို့နယ်၊ ယင်းမာပင် ကျေးရွာအုပ်စု၊ ယင်းမာပင် ကျေးရွာ၏ **ရွာတွင်း/ပြင်** ချိတ်ဆက်မှုပြပုံ | | ၆ |
| ၁။ | ကျေးရွာ၏တည်နေရာ၊ပထဝီဂင်အနေအထား | ၇ |
| ၂။ | ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ | ၇ |
| ၃။ | ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ | ၇ |
| ၄။ | စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ | |
| | (က) သီးနှံစိုက်ပျိုးရေး | ၉ |
| | (ခ) မွေးမြူရေးလုပ်ငန်း | ၁၀ |
| | (ဂ ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ | ၁၀ |
| | (ဃ) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှုများ | ၁၁ |
| ၅။ | အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ | |
| | (က) ကျေးလက်သယ်ယူပို့ဆောင်ရေး | ၁၁ |
| | (ခ) ကျေးရွာမီးလင်းရေး | ၁၂ |
| | (ဂ) သတင်းနှင့်ဆက်သွယ်ရေး | ၁၂ |
| ၆။ | ပညာရေး | ၁၂ |
| ၇။ | ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး | ၁၃ |
| ၈။ | ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး | ၁၄ |
| ၉။ | ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ | ၁၄ |
| ၁၀။ | ဦးစားပေးဆောင်ရွက်မည့်အဆိုပြုစီမံချက်လုပ်ငန်းများ | ၁၅ |

စီမံချက်ဆိုင်ရာအချက်အလက်များ

- နောက်ဆက်တွဲ ၁ ကျေးရွာဖွံ့ဖြိုးရေးကော်မတီစာရင်း ၁၇
- နောက်ဆက်တွဲ ၂ ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ(၄၈) ဇယား ၁၈
- နောက်ဆက်တွဲ ၃ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုဇယား ၆၃
- နောက်ဆက်တွဲ ၄ ဦးစားပေးစီမံချက်အဆိုပြုလွှာ ၆၄

# စကားချီး

ယင်းမာပင် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၉ ခုနှစ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ပထမဦးဆုံးသော လူထုကိုယ်တိုင်ပါဝင်ရေးဆွဲထားသည့် (၂၀၁၉-၂၀၂၃) (၅)နှစ်တာ ဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်း အစီအစဉ်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်းဆိုင်ရာ အချက်အလက်များ၊ လုပ်ငန်းစဉ်များနှင့် ရင်းနှီးမြှုပ်နှံမှုအစီအစဉ် (AVIP)ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သည့် အ.ထ.က စာသင်ကျောင်းရှေ့လမ်းအား ကွန်ကရစ်ခင်းခြင်း လုပ်ငန်းအား ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာနှင့် လုပ်ငန်းစဉ်များစသည်တို့အား အဖက်ဖက်မှ ကူညီပံ့ပိုးပေးပါသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကိုလည်းကောင်း၊ လိုအပ်သောအကူအညီများ၊ အကြံဉာဏ်များကို ပါဝင်ပံ့ပိုးပေးပါသော ကျေးရွာအုပ်ချုပ်ရေးမှူးအား လည်းကောင်း အထူးပင်ကျေးဇူး တင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုကိုယ်တိုင်စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကိုမသိခဲ့ကြပါ။ လူထုကိုယ်တိုင်စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်တော်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် စီမံကိန်းရေးဆွဲရေး အဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကိုသိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်း အချက်အလက်ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်နှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်းကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော စီမံကိန်းကိုထပ်မံရရှိသည့် ကိန်းဂဏန်း အချက်အလက်များ ထပ်မံဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှုပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းစီမံကိန်းများကို မူဘောင်အတွင်း ပြုပြင် ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးစီမံကိန်းတွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်အဆင့် အစိုးရဌာနများ၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်တော်တို့မျှော်လင့်ပါသည်။ ဆက်လက်၍နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ဆောင်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

**ကျေးရွာဖွံ့ဖြိုးရေးကော်မတီ**
**ယင်းမာပင် ကျေးရွာ၊သာစည်မြို့နယ်**

## သာစည်မြို့နယ်၊ ယင်းမာပင် ကျေးရွာအုပ်စု၊ ယင်းမာပင် ကျေးရွာ၏သယံဇာတပြမြေပုံ



## သာစည်မြို့နယ်၊ ယင်းမာပင် ကျေးရွာအုပ်စု၊ ယင်းမာပင် ကျေးရွာ၏ ရာသီခွင်ပြ ပြက္ခဒိန်



သာစည်မြို့နယ်၊ ယင်းမာပင် ကျေးရွာအုပ်စု၊ ယင်းမာပင် ကျေးရွာ၏
ကျေးရွာတွင်း/ ပြင် အဖွဲ့အစည်း ချိတ်ဆက်မှုပြပုံ



## ၁။ ကျေးရွာ၏တည်နေရာ၊ ပထဝီအနေအထား

ယင်းမာပင်ကျေးရွာသည် မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ သာစည်မြို့နယ်၊ ယင်းမာပင်ကျေးရွာအုပ်စုတွင် ပါဝင်ပါသည်။ အုပ်ချုပ်ရေးမှူးရုံးစိုက်ရာ သာစည်မြို့၏ အရှေ့ဘက် (၂၁) မိုင်ခန့်အကွာ မိတ္ထီလာ- သာစည်-တောင်ကြီး ပြည်ထောင်စု ကားလမ်းမကြီးဘေးတွင် တည်ရှိပါသည်။ ကျေးရွာသည် ကျယ်ပြန့်ပြီး ရပ်ကွက် (၃) ခုနှင့် ဖွဲ့စည်းထားပါသည်။ မြို့မရပ်ကွက်၊ ပေ (၃၀) ရပ်ကွက်နှင့် ညောင်ပင်သာ ရပ်ကွက်တို့ ဖြစ်ပါသည်။

ကျေးရွာသည် တောင်ပေါ်ဒေသဖြစ်ပြီး ပျမ်းမျှအပူချိန် (၃၃˚F ) နှင့် ပျမ်းမျှမိုးရေချိန် လက်မ (၂၀) လက်မခန့် ရှိပါသည်။ ကျေးရွာဝန်းကျင်တွင် တောင်ကုန်းတောင်တန်းများပြီး သဘာဝ သစ်တောများ ရှိသော်လည်း အစိုးရပိုင်သစ်တောများ ဖြစ်နေသောကြောင့် စိုက်ပျိုးရေးအတွက် တွင်တွင်ကျယ်ကျယ် အသုံးမပြုနိုင်ပါ။ ဥယျာဉ်ခြံမြေများအဖြစ် တပိုင်တနိုင် မြေကွက်များ ချပေးနိုင် လျှင် ကျေးရွာနေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်း တိုးပွားလာနိုင်ပါသည်။

## ၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

ယင်းမာပင်ကျေးရွာသည် အအေးပိုင်း မုတ်သုံရာသီဥတုဖြစ်ပါသည်။ ကျေးရွာပတ်လည် တွင် တောင်တန်းများရှိပြီး ကျောက်တောင်များလည်း ရှိပါသည်။ ယင်းမာပင်ကျေးရွာ အနီးတဝိုက် ဘုရားငါးဆူကျေးရွာ ဝန်းကျင်တွင် ကျောက်လုပ်ငန်း လုပ်ကိုင်ကြပါသည်။ ယင်းမာပင် ကျေးရွာသည် တောင်ပေါ်ဒေသဖြစ်သောကြောင့် သစ်ရိပ်ဝါးရိပ် ပေါများပြီး သဘာဝ ဆေးဘက်ဝင် အပင်များလည်း အသင့်အတင့် ပေါက်ရောက်ပါသည်။ မြေစာမြက်၊ မြင်းခွာရွက်၊ ဆင်ထုံးမနွယ်၊ ကြိတ်မှန်၊ ဘီးစက်ပင်၊ အုန်းနဲ့ပင် စသည့် ဆေးဘက်ဝင်အပင်များနှင့် သဘာဝတိရစ္ဆာန်မျိုးစိတ်များဖြစ်သော ယုန်၊ မြွေ၊ တောက်တဲ့နှင့် ငှက်အမျိုးအမျိုးတို့ကို တွေ့ရှိရပါသည်။

## ၃။ ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ

**ယင်းမာပင် ကျေးရွာတွင် အိမ်ခြေ (၁၅၁၇) အိမ်၊ အိမ်ထောင်စု (၁၅၁၇)စု၊ လူဦးရေ ကျား (၃၇၈၀) ဦး နှင့် မ (၃၈၂၉) ဦး စုစုပေါင်း (၇၆၀၉) ဦး ရှိပါသည်။ ကျေးရွာတွင် တစ်အိမ်ထောင်ပျမ်းမျှ လူဦးရေ အနေဖြင့် (၅) ဦး တွေ့ရှိရပြီး မြန်မာနိုင်ငံတစ်အိမ်ထောင်ပျမ်းမျှလူဦးရေစံနှုန်းအတိုင်း ရှိပါ သည်။ ကျေးရွာတွင် နို့စို့အရွယ် ၂.၅ %၊ ၅နှစ်အောက်ကလေးငယ်အရွယ် ၄ %၊ မူလတန်း ကျောင်းသား အရွယ် ၉.၄%၊ အလယ်တန်း ကျောင်းသားအရွယ် ၇.၈%၊ အလုပ်လုပ်နိုင်သည့် အရွယ် ၇၃.၁% နှင့် သက်ကြီးရွယ်ကြီး ၃.၁% ခန့် ရှိပါသည်။ တစ်အိမ်ထောင်ပျမ်းမျှလူဦးရေ ၅ ဦးခန့်ရှိပါသည်။**

သက်ကြီးရွယ်ကြီး လူဦးရေသည် အလွန်နည်းပါးသည်ကို တွေ့ရှိရပြီး အသက်ရှည်သူ နည်းပါးသည်ကို လေ့လာတွေ့ရှိရပါ သည်။ အမျိုးသမီးလူဦးရေ ပိုများပါသည်။

ယင်းမာပင် ကျေးရွာတွင် ကျေးရွာလူထုအခြေပြုအဖွဲ့ ၆ ဖွဲ့ ရှိပါသည်။ ကရုဏာရှင် လူမှုကူညီရေးအသင်း၊ သုဇာတာ အာရုဏ်ဆွမ်းလောင်း အသင်း၊ ကျောင်းဂေါပကအဖွဲ့၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့၊ မိဘဆရာ အသင်းနှင့် ပုလဲလုံမေငယ်အဖွဲ့တို့ဖြစ်ပါသည်။ ထို့ပြင် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးကော်မတီအဖွဲ့တို့လည်း ရှိပါသည်။ ကရုဏာရှင် လူမှုကူညီရေးအသင်းသည် စတင်ဖွဲ့စည်းတည်ထောင်စဉ်က လုပ်ငန်းဆောင်ရွက်မှု ကောင်းပြီး နောက်ပိုင်းတွင် စည်းရုံးမှု လျော့နည်းလာပါသည်။ ကျောင်းဂေါပကအဖွဲ့သည် ကျောင်း ဆောင်သစ် ဆောက်လုပ်ရာတွင် လုပ်အားဒါနအဖြစ် ကိုယ်တိုင် ကိုယ်ကျ ပါဝင်လုပ်ကိုင်ကြပြီး စည်းရုံးလုပ်ဆောင်မှု အားကောင်းပါသည်။ သုဇာတာ ဆွမ်းလောင်းအသင်းသည် အပတ်စဉ် အဖိတ် နေ့တိုင်း ရဟန်း၊ သံဃာများအား မပျက်မကွက် ဆွမ်းကပ်လှူ ကြပါသည်။ မိဘဆရာ အသင်းသည် အသင်းတည်ထောင်စ အချိန်လောက် အင်အားမကောင်းဘဲ အဖွဲ့ဝင် (၁၄) ဦးသာ ကျန်ရှိပါသည်။ ပုလဲလုံမေငယ် အဖွဲ့သည်လည်း ပရဟိတ လူငယ်အသင်းအဖွဲ့တစ်ခုဖြစ်ပြီး အမျိုးသမီးများဖြင့် ဖွဲ့စည်း ထားပါသည်။ သာရေး၊ နာရေး လူမှုကူညီရေးလုပ်ငန်းများ၊ ငွေကြေးထောက်ပံ့ခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးပါသည်။

အမျိုးသမီးလုပ်ငန်းကော်မတီအဖွဲ့သည် လုပ်ငန်းဆောင်ရွက်ချက်ကောင်းမွန်ပြီး မိန်းကလေး များ ဘေးအန္တရာယ်မှ လုံခြုံစေပါသည်။ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသည် ကိုယ်ဝန်ဆောင် မိခင်များနှင့် ကလေးများအတွက် မရှိမဖြစ်လိုအပ်သော အဖွဲ့အစည်းဖြစ်ပါသည်။ ထို့ပြင် ကျေးရွာ ရေရရှိရေးလုပ်ငန်းများ၊ မီးလင်းရေးလုပ်ငန်းများ အတွက် ကော်မတီများ သီးသန့်စီ ဖွဲ့စည်းထားရှိ ပြီး ကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်မှု ကောင်းမွန်ပါသည်။ အဖွဲ့အစည်းများတွင် အမျိုးသား၊ အမျိုးသမီးများ တက်ကြွစွာ ပါဝင်ကြသည်ကို တွေ့ရပါသည်။

ယင်းမာပင်ကျေးရွာတွင် အဆင်ပြေသော အိမ်ထောင်စု ၁၁.၂%၊ အလယ်အလတ်ရှိသော အိမ်ထောင်စု ၃၆.၂%၊ မပြေလည်သော အိမ်ထောင်စု ၂၄.၈% နှင့် အလွန်မပြေလည်သော အိမ်ထောင်စု ၂၇.၆% ဖြစ်သည်။ ကျေးရွာတွင် ဆင်းရဲချမ်းသာ ကွာဟမှု ရှိပါသည်။ ယင်းမာပင်ကျေးရွာတွင် လက်လုပ်လက်စားများ များပြီး ကျေးရွာအနီးတွင် ဘိလပ်မြေ စက်ရုံများရှိပြီး ယင်းကို အမှီပြု၍ ကျောက်ကားများတည်ထောင်၍ အသက်မွေးဝမ်းကျောင်း ပြုခြင်း၊ မန္တလေး-မိတ္ထီလာ-ကလော- တောင်ကြီး လမ်းမကြီးတည်ရှိသောကြောင့် ခရီးသည်ကားများ ခရီးတစ်ထောက်နားရာ ကျေးရွာဖြစ်၍ စားသောက်ဆိုင်၊ ထမင်းဆိုင်များရှိခြင်း၊ တိုက်နယ်တစ်ခုဖြစ်၍ အိမ်ထောင်စု၊ လူဦးရေ ကျယ်ပြန့်၍

စတိုးဆိုင်ကြီးများ တည်ထောင်နိုင်ခြင်း၊ တောင်ပေါ်ဒေသ တစ်ခုဖြစ်၍ သစ်/ ဝါး ထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်သူများရှိခြင်း၊ စသည့်လုပ်ငန်းကြီး လုပ်ကိုင်သူများ အဆင်ပြေကြပြီး လမ်းလုပ်ငန်း၊ ဆောက်လုပ်ရေး၊ ပန်းရံ၊ လက်သမား၊ များတွင် လိုက်ပါဆောင်ရွက်သော နေ့စားကျပန်းအလုပ်သမား များ များပြီး မပြေလည်သော အိမ်ထောင်စုနှင့် အလွန်မပြေလည်သောအိမ်ထောင်စုများ ဖြစ်ကြပါသည်။

ယင်းမာပင်ကျေးရွာတွင် နေ့စားကျပန်းအလုပ်သမားများပြီး ဝမ်းစာဖူလုံမှုအတွက် ငွေတိုးပေးသူ၊ ဆွေမျိုး တို့ထံမှ ချေးယူခြင်း၊ မိမိလုပ်အားခကို ကြိုတင်ထုတ်ယူခြင်း ဖြင့် ဖြေရှင်းကြပါသည်။ ဝမ်းစာမဖူလုံရခြင်းမှာ ဝင်ငွေရအလုပ်အကိုင် မမြဲခြင်း၊ ပညာရေး၊ ကျန်းမာရေးအတွက် အသုံးပြုရခြင်း တို့ကြောင့် ဖြစ်ပါသည်။

မိသားစု စောင့်ရှောက်မှုမရှိသော တစ်ကိုယ်တည်း နေထိုင်သည့် သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက် ၂၅ ဦးခန့်ရှိပါသည်။ ကျေးရွာမှ သီးသန့် ပံ့ပိုးစောင့်ရှောက်ခြင်း မရှိပါ။ အများစုမှာ ဘုန်းကြီးကျောင်းတွင် ကပ္ပိယ အဖြစ်သော် လည်းကောင်း၊ သာသနာ့ဘောင်ဝင်၍ သော်လည်းကောင်း နေထိုင်ကြပါသည်။ နီးစပ်ရာ အိမ်နီးချင်း ဝန်းကျင်မှလည်း ရံဖန်ရံခါ ဝိုင်းဝန်း စောင့်ရှောက်ပေးပါသည်။

ရွှေ့ပြောင်းလုပ်သားအများစု လမ်းလုပ်သားများဖြစ်ပြီး ကာလတိုသွားလာခြင်း ဖြစ်ပါသည်။ အခြားမြို့များရှိစက်ရုံများတွင် သွားရောက်လုပ်ကိုင်သူများလည်း ရှိပါသည်။

## ၄။ စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ

### (က) သီးနှံစိုက်ပျိုးရေး

ယင်းမာပင်ကျေးရွာတွင် ရှေးယခင်က စိုက်ပျိုးရေးလုပ်ငန်းကို အိမ်ထောင်စု ၁၀ဂ စု ခန့်မှ လုပ်ကိုင်ကြသော်လည်း ယခုအခါတွင် အခြားစီးပွားရေးလုပ်ငန်းများကို အခြေပြုလုပ်ကိုင်လာကြသော ကြောင့် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ မရှိသလောက် နည်းပါးလာပါသည်။ စိုက်ပျိုးမြေတွင် နွားစားပြောင်းနှင့် ပြောင်းဖူးကိုသာ စိုက်ပျိုးပါသည်။ ဥယျာဉ်ခြံမြေအဖြစ် ၁၈ ဧကခန့်ရှိပြီး အငြိမ်းစား ဝန်ထမ်းအချို့ မှ လုပ်ကိုင်ကြပါသည်။ သရက်ပင်နှင့် သနပ်ခါးပင် တွဲဖက်စိုက်ပျိုးခြင်း၊ သရက်ပင် သီးသန့် စိုက်ပျိုးခြင်းနှင့် လျှော်ဖြူပင်တို့ကို စိုက်ပျိုးကြပါသည်။

၄။ (ခ) မွေးမြူရေးလုပ်ငန်း

မွေးမြူရေးလုပ်ငန်းတွင် ဝက်နှင့်ကြက်ကို အားထားလုပ်ကိုင်ကြပါသည်။ (CP) ကြက်မွေးမြူရေး လုပ်ငန်းအား အိမ်ထောင်စု (၂) စုမှ လုပ်ကိုင်သည်ကို တွေ့ရှိရပါသည်။ မွေးမြူရေးသည်လည်း တစ်ပိုင်တစ်နိုင်မွေးမြူသူများသာရှိ၍ လုပ်ငန်းမတွင်ကျယ်သေးပါ။ စားကျက်မြေ အသင့်အတင့်သာ ရှိပါသည်။ တိရစ္ဆာန်သောက်သုံးရေကန်မှာ တိမ်ကောနေသောကြောင့် ရေရှားပါးပါသည်။

၄။ (ဂ) စိုက်ပျိုးရေးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ

ယင်းမာပင်ကျေးရွာ၏ အဓိက စီးပွားရေးလုပ်ငန်းမှာ လက်လီလက်ကား ရောင်းဝယ်ရေးဖြစ်ပါသည်။ ကျေးရွာသည် မိတ္ထီလာ-တောင်ကြီး ပြည်ထောင်စု ကားလမ်းမ ဖြတ်သန်းသွားရာ ကျေးရွာဖြစ်ပြီး လမ်းဘေးတစ်လျှောက် ထမင်းဆိုင်များ စတိုးဆိုင်များ၊ လက္ဘက်ရည်ဆိုင်များဖွင့်လှစ်ထားပါသည်။ ကျေးရွာတွင် စတိုးဆိုင်ကြီးများ၊ အိမ်ဆိုင်၊ ဆေးဆိုင်၊ ယာဉ်စက်ပစ္စည်းဆိုင်၊ ကုန်မာဆိုင်များ ရှိပါသည်။ ကျေးရွာသည် တောင်ပေါ်ဒေသဖြစ်သောကြောင့် သစ်/ ဝါးခုတ်လုပ်ငန်း လုပ်ကိုင်သူများရှိပါသည်။ သစ်အချောထည်ဖြစ်သော စားပွဲဆက်တီများ၊ မှန်တင်ခုံများ၊ ဘီရိုများ စသည့် ပရိဘောဂပစ္စည်းရောင်းဆိုင်များ၊ ဝါးထရံဆိုင်များလည်း ရှိပါသည်။ ကျေးရွာဝန်းကျင်တွင် အပါချီ၊ Blue Diamond ဘိလပ်မြေစက်ရုံများရှိပြီး စက်ရုံဝန်ထမ်းများ၊ စက်ရုံသို့ သွင်းကုန်ထုတ်ကုန်များ သယ်ယူပို့ဆောင်ခြင်းအတွက် Faw ကား၊ ၁၂ ဘီး ကား၊ ၆ ဘီးကား၊ ထော်လာဂျီ စသည့်ဖြင့် ကားထောင်၍ အသက်မွေးဝမ်းကျောင်းပြုသူများရှိပြီး အိမ်ထောင်စု (၅၀) ခန့်ရှိပါသည်။ ကျေးရွာသည် တိုက်နယ်အဆင့်ဖြစ်ပြီး အစိုးရရုံးများဖြစ်သော တိုက်နယ်ဆေးရုံ၊ ရဲစခန်း၊ သစ်တောဦးစီးဌာန၊ စည်ပင်သာယာဈေး၊ ဘူတာ၊ အ.ထ.က ကျောင်း၊ အမှတ် (၂) တပ်မတော်အကြီးစားစက်ရုံ (တကစ-၂)တို့ရှိပြီး အစိုးရဌာနများမှ အငြိမ်းစား ဝန်ထမ်း (၃၀)ဦး ခန့်ရှိပါသည်။ အငြိမ်းစားဝန်ထမ်းအချို့သည် ဥယျာဉ်ခြံမြေစိုက်ပျိုးကြပါသည်။ အမျိုးသမီး (၃၀) ခန့် သည် တ.က.စ (၂) တွင် ဝန်ထမ်းအဖြစ် အလုပ်ရကြပါသည်။ ကျေးရွာ၏ အိမ်ထောင်စု အများစုသည် နေ့စားကျပန်းလုပ်သားများများပြီး ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် လမ်းလုပ်ငန်းများတွင် သွားရောက်လုပ်ကိုင်ကြပါသည်။ တောင်ပေါ်ဒေသဖြစ်၍ ထင်း၊ ဝါး၊ မျှောခုတ်ခြင်း လုပ်ငန်းများ၊ ရာသီအလိုက် မျှစ်ချိုး၊ မှိုရှာ၊ အင်ဥ၊ ဝဥတူးခြင်းများ စသည့် ကျပန်းအလုပ် လုပ်ကိုင်သူများလည်းရှိပါသည်။

လုပ်အားခနှုန်းများတွင် ကျား/ မ အလိုက် ကွာခြားမှု မရှိပါ။ ဆောက်လုပ်ရေး၊ ပန်းရံလုပ်ငန်းတွင် အလုပ်လုပ်နိုင်သည့် ခွန်အားနှင့် အလုပ်ကြမ်း လုပ်ငန်းပေါ်မူတည်သောကြောင့် ကွာခြားရခြင်း ဖြစ်ပါသည်။

ကျေးရွာတွင် နေ့စားကျပန်းလုပ်သားများ များသောကြောင့် လုပ်သားအင်အား အလွယ်တကူ ရရှိပါ သည်။ ဒေသထွက်ကုန် ဖြစ်သော ဝါးထရံ၊ ပရိဘောဂများအတွက် ဈေးကွက် အသင့်အတင့်ရှိပါသည်။ သမဝါယမ ဦးစီးဌာနနှင့် ငွေတိုးချေးသူတို့ထံမှ ချေးငွေရရှိနိုင်ပါသည်။ နေ့စားကျပန်းအလုပ်သမားများ အတွက် အသက်မွေးဝမ်းကျောင်းနည်းပညာဆိုင်ရာနှင့် အသေးစား/ အလတ်စား စီးပွားရေး ဖွံ့ဖြိုး တိုးတက်မှု ဆိုင်ရာ ဝန်ဆောင်မှု လိုအပ်ပါသည်။

## ၄။ (ဃ) ဘဏ်လုပ်ငန်းနှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

**ယင်းမာပင်ကျေးရွာတွင် သမဝါယမချေးငွေ ရယူသူ အိမ်ထောင်စုများရှိပါသည်။ ငွေတိုး ချေးသူများထံမှလည်း ချေးငွေရယူနိုင်ပါသည်။ ငွေးတိုးချေးသူများထံတွင် အတိုးနှုန်းမှာ (၃) ကျပ်မှ (၅) ကျပ်ထိ ဖြစ်ပါသည်။ နေ့စားအလုပ်သမားများ များခြင်းကြောင့် ပညာရေး၊ ကျန်းမာရေး၊ စားဝတ်နေရေး အတွက် ချေးယူရခြင်း ဖြစ်ပါသည်။**

## ၅။ အခြေခံ အဆောက်အဦနှင့် ဝန်ဆောင်မှုများ

### (က) ကျေးလက် သယ်ယူပို့ဆောင်ရေး

**ကျေးရွာသည် မိတ္ထီလာ- သာစည်- တောင်ကြီး ပြည်ထောင်စု ကားလမ်းမကြီး ဘေးတွင် တည်ရှိသောကြောင့် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ပါသည်။** ယင်းမာပင်ကျေးရွာ၏ ရွာတွင်းလမ်း များသည် မြေသားလမ်းများဖြစ်ပါသည်။ မြေသားလမ်း (၆၀) ခန့်ရှိပြီး ကျောက်ခင်းလမ်း (၃) လမ်း ခန့် ရှိပါသည်။ **အ.ထ.က စာသင်ကျောင်းသို့ သွားသောလမ်းမှာ ကျောက်ချောလမ်းဖြစ်သော်လည်း မိုးတွင်းအခါတွင် ကျောင်းသား/ သူများ သွားလာရ ခက်ခဲပါသည်။**

ကျေးရွာမှ အိမ်ထောင်စုများသည် သွားလာပို့ဆောင်ရေးအတွက် မော်တော်ဆိုင်ကယ်ကို အသုံးများကြပါသည်။ ကျောက်သယ်သည့် Faw ကား၊ ၁၂ ဘီးကား၊ ၆ ဘီးကား၊ စသည့် ကားပိုင်များ လည်းရှိပြီး အသက်မွေးဝမ်းကျောင်းပြုသူများလည်းရှိပါသည်။ စက်ဘီးကို ကျောင်းသူ/ သားများမှ အသုံး ပြုကြပါသည်။

ကျေးရွာတွင် စက်ဘီး (၃၀၀) စီး၊ မော်တော် ဆိုင်ကယ် (၁၆၀၀) စီး၊ သုံးဘီးဆိုင်ကယ် (၇) စီးနှင့် ထော်လာဂျီ (၁၀) စီး၊ ကား (၅၆) စီး ပိုင်ဆိုင်ကြပါသည်။

ကျေးရွာတွင် စည်ပင်သာယာဈေး ရှိပြီး ဈေးကွက် လက်လှမ်းမီပါသည်။

## ၅။ (ခ) ကျေးရွာမီးလင်းရေး

ယင်းမာပင်ကျေးရွာတွင် မဟာဓါတ်အားလိုင်းစနစ်ဖြင့် လျှပ်စစ်မီးလင်းရေးအား ၂၀၁၂ ခုနှစ်မှ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး အိမ်ထောင်စု (၆၀၀) ခန့်မှ ရယူသုံးစွဲကြပါသည်။ မီးလင်းရေး အတွက် ငွေကြေးမတတ်နိုင်၍ ဒီဇယ်အင်ဂျင်စက်မှ ဝယ်ယူသုံးစွဲသော အိမ်ထောင်စု (၄၅၀) ခန့်ရှိပါသည်။ မီးပေးသည့် အချိန်မှာ ညနေ (၀၆:၃၀) နာရီမှ ည (၁၀:၀၀) နာရီ ထိ ဖြစ်ပြီး (၁) လလျှင် မီးတစ်ပွင့် ၁၀၀၀/- ကျပ်နှုန်းဖြင့် ပေးဆောင်ရပါသည်။ ဆိုလာမီးအသုံးပြုသူ (၂၀၀) ခန့် ရှိပါသည်။ လျှပ်စစ်မီးမသုံးစွဲနိုင်သော အိမ်ထောင်စု (၂၆၇) ခန့်ရှိပြီး ဖယောင်းတိုင်၊ ဓါတ်ခဲမီး တို့ကို အသုံးပြုကြပါသည်။

## ၅။ (ဂ) သတင်းနှင့်ဆက်သွယ်ရေး

ကျေးရွာတွင် မိုဘိုင်းတယ်လီဖုန်းလိုင်းများ၊ ရေဒီယိုလိုင်း၊ ရုပ်မြင်သံကြားလိုင်း၊ ဂြိုလ်တုစလောင်းလိုင်းများအား ဖမ်းယူရရှိပါသည်။ အင်တာနက်လိုင်းလည်း ရရှိ၍ ဆိုရှယ်မီဒီယာမှလည်း သတင်းအချက်အလက်များ ရယူပါသည်။ အိမ်ထောင်စုတိုင်း မိုဘိုင်းဖုန်းအသုံးပြုနိုင်ကြပြီး ဖုန်းပိုင်ဆိုင်မှု အနေဖြင့် (၁၅၅၀) ခုရှိပါသည်။ ဖျော်ဖြေရေးနှင့် သတင်းအချက်အလက်အချို့ကို ရေဒီယို နားထောင်ခြင်းနှင့် အခမဲ့ရုပ်သံလိုင်းများ၊ ဂြိုလ်တုစလောင်း ဖမ်းယူ ကြည့်ခြင်းဖြင့် အနားယူကြပါသည်။ ရေဒီယို (၆၀၀) ခု၊တီဗွီ (၈၉၀) ခု၊ စလောင်း (၅၅) ခုရှိပါသည်။ ကျေးရွာတွင် ဘေးကင်းလုံခြုံရေး ဝန်ဆောင်မှု အထောက်အကူများမရှိပါ။ သတင်းအချက်အလက်ဖြန့်ဝေခြင်းဆိုင်ရာ မိုဘိုင်းဖုန်းလိုင်းများ၊ အင်တာနက်လိုင်း၊ ရုပ်မြင်သံကြားလိုင်း၊ ရေဒီယိုလိုင်းများ ဖမ်းယူအသုံး၍ ရပါသည်။

ကျေးရွာပြည်သူများ ဘေးကင်းလုံခြုံရေးအတွက် ကျေးရွာတွင် ရဲစခန်းရှိပါသည်။

## ၆။ ပညာရေး

ယင်းမာပင် ကျေးရွာရှိ ကျောင်းနေအရွယ် လူဦးရေ၏ စာတတ်မြောက်မှုနှုန်းမှာ စာမတတ်သူဦးရေ ၆.၈%၊ မူလတန်းအဆင့်ရှိသူဦးရေ ၁၃.၆%၊ အလယ်တန်းအဆင့်ရှိသူ ဦးရေ ၅၁.၃%၊ အထက်တန်းအဆင့်ရှိသူဦးရေ ၁၉.၁% ၊ တက္ကသိုလ်/ ကောလိပ် အဆင့်ရှိသူဦးရေ ၉% ရှိပါသည်။ ကျေးရွာတွင် အ.ထ.က စာသင်ကျောင်းရှိသောကြောင့် မူလတန်းကျောင်းနေအရွယ်ကလေးတိုင်း

ကျောင်းနေရပါသည်။ အလယ်တန်းကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းမနေကြပါ။ မိသားစု အလုပ်အကိုင်ကြောင့် ကျောင်းထွက်ကြပါသည်။

ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းတွင် စာသင်ကျောင်းဆောင် (၈) ဆောင် ရှိပြီး၊ ၂ ထပ်ကျောင်းဆောင် ၁ ဆောင်၊ ၁ထပ်ကျောင်းဆောင် ၇ ဆောင် တို့ဖြစ်သည်။ ကျောင်းသုံး ပရိဘောဂများ ပြည့်စုံလုံလောက်မှု မရှိသေးပါ။ ယင်းမာပင်ကျေးရွာ အ.ထ.က ကျောင်းတွင် မူလတန်းပြ ဆရာ/ မ (၁) ဦးနှင့် အထက်တန်းပြ ဆရာ/ မ (၁) ဦး လိုအပ်ပါသည်။ ကျောင်းတွင် အားကစားပွဲတော် နှစ်စဉ် ကျင်းပလေ့ရှိသော်လည်း ကျောင်းတွင်း အားကစားပစ္စည်းဆိုင်ရာများ မရှိပါ။

ကျေးရွာတွင်လူငယ်များအပန်းဖြေရာနေရာသီးသန့်မရှိပါ။ ကျေးရွာလူငယ်များသည် ဘောလုံးအားကစားကို ဝါသနာပါ၍ ကျေးရွာဘောလုံးကွင်းရှိပါသည်။ ကျေးရွာတွင် လွတ်လပ်ရေး အားကစားပွဲတော်နှင့် တန်ဆောင်တိုင်ကထိန်ပွဲအား စည်ကားသိုက်မြိုက်စွာ ကျင်းပပါသည်။ လွတ်လပ် ရေး အားကစားပွဲတွင် ဘောလုံးကန်ခြင်း၊ ခြင်းခတ်ခြင်းနှင့် ပြေးပွဲပြိုင်ပွဲများ ပါဝင်ပါသည်။ စာကြည့် တိုက် ရှိသော်လည်း စာကြည့်တိုက်လည်ပတ်မှု မရှိပါ။ တောင်ပေါ်ဒေသဖြစ်ခြင်း၊ မြို့နှင့်ဝေးကွာခြင်း၊ မူးယစ်ဆေးဝါးများ လွယ်လင့်တကူ ရရှိခြင်းတို့ကြောင့် လူငယ်အများစုမှာ ကျေးရွာ၏ ရပ်/ ရွာဖွံ့ဖြိုးရေး ကိစ္စများတွင် ပါဝင်ဆောင်ရွက်မှုအားနည်းပြီး ကျေးရွာတွင် မူးယစ်ဆေးနှင့်ပတ်သက်၍ အသိပညာ ဟောပြောပွဲများ၊ မူးယစ်ဆေးတိုက်ဖျက်ရေးအစီအစဉ်များ ပြုလုပ်ရန် လိုအပ်ပါသည်။ ကျေးရွာသည် တောင်ပေါ်ကျေးရွာဖြစ်ခြင်း မြို့နှင့်အလှမ်းကွာဝေးခြင်းတို့ကြောင့် မူးယစ်ဆေး သုံးစွဲသူ လူငယ်များ အနည်းငယ် ရှိပါသည်။ မူးယစ်ဆေးတားမြစ်ရေး ပညာပေး၊ ဟောပြောပွဲများ တွင်တွင်ကျယ်ကျယ် ဆောင်ရွက်ရန် လိုအပ်ပါသည်။

## ၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

**ယင်းမာပင်ကျေးရွာတွင် တိုက်နယ်ဆေးရုံရှိပါသည်။** ပုဂ္ဂလိက ဆရာဝန် ဆေးခန်းလည်း ရှိပါသည်။ ကျေးရွာတွင် ရာသီအလိုက် ဖြစ်ပွား တတ်သော ဝမ်းပျက်ဝမ်းလျှော၊ သွေးလွန်တုပ်ကွေး ရောဂါ၊ တောင်ပေါ်ဒေသဖြစ်၍ ငှက်ဖျားရောဂါ စသည်တို့ ဖြစ်တတ်သော်လည်း တိုက်နယ်ဆေးရုံရှိ၍ ဆေးကုသမှု လက်လှမ်းမီပါသည်။ သက်ကြီးပိုင်းအရွယ်တွင်သွေးတိုးရောဂါ အဖြစ် များပါသည်။ ကျေးရွာတွင် လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှုများ ရှိပါသည်။ တိုက်နယ်ဆေးရုံတွင် ကျန်းမာရေး ဝန်ထမ်း မလုံလောက်ပါ။

ကျေးရွာတွင် ကိုယ်ပိုင် အဝီစိတွင်း/ စက်တပ် အသုံးပြုသော အိမ်ထောင်စု (၃၀) ခန့်ရှိပြီး ကျန်အိမ်ထောင်စုများမှာ ကျေးရွာပိုင်တွင်းမှ အသုံးပြုကြပါသည်။ ကျေးရွာပိုင် အဝီစိတွင်းမှ ရေအား ယင်းမာပင် ကျေးရွာရှိ ရပ်ကွက် (၃) ရပ်ကွက်သို့ ရေပိုက်လိုင်းဖြင့် သွယ်ယူသုံးစွဲ ကြပြီး မြို့မ ရပ်ကွက်မှ အိမ်ထောင်စု အများစုသည် ရေမီတာသုံးစနစ်ကို အသုံးပြုကြပါသည်။ ရေမီတာသုံးစနစ် အသုံးမပြုသေး

သော ကျန်အိမ်ထောင်စုများလည်း ကျန်ရှိပါသည်။ ကျေးရွာတွင်းရှိ ရပ်ကွက် (၃) ခုလုံးသို့ ရေဖြန့်ဝေနိုင်ရေးအတွက် အုတ်ရေကန်များ ထပ်မံ တည်ဆောက်ခြင်းနှင့် ရေပိုက်လိုင်းများ သွယ်တန်းရန်လိုအပ်ပါသည်။ ကျေးရွာ ရေပေးဝေးရေး လည်ပတ်ခြင်းနှင့် ငွေစာရင်း ထိန်းသိမ်းခြင်း တို့အတွက် ကျေးရွာရေကော်မတီ၏ စွမ်းဆောင်ရည်မြှင့်တင်ရန် လိုအပ်ပြီး စနစ်တကျ၊ စည်းကမ်း တကျ ဖြစ်ရန် အထူးလိုအပ်နေပါသည်။

ယင်းမာပင်ကျေးရွာတွင် အိမ်ထောင်စု ၆၆% ခန့်သည် ယင်လုံအိမ်သာ ကိုယ်ပိုင်သုံးစွဲကြပြီး ၃၀% သည် ယင်လုံအိမ်သာကိုစုပေါင်းသုံးစွဲကြပါသည်။ ရေဆွဲအိမ်သာကို သုံးစွဲသူ အိမ်ထောင်စု (၈) စုခန့်ရှိပြီး အိမ်ထောင်စု ၃၀% သည် အိမ်သာသုံးစွဲမှု မရှိကြောင်း တွေ့ရှိရပါသည်။ အခြေခံကျန်းမာရေး ဗဟုသုတအားနည်းခြင်းအား ကျေးလက်ကျန်းမာရေးနှင့် ပူးပေါင်း၍ ပညာပေးလှုံ့ဆော်ပြီး အိမ်ထောင်စု တိုင်း ယင်လုံအိမ်သာ သုံးစွဲနိုင်ရေး ဆောင်ရွက်ရန် လိုအပ်ပါသည်။

## ၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ယင်းမာပင်ကျေးရွာတွင် သစ်လုပ်ငန်းကို လုပ်ကိုင်သောကြောင့် သစ်တောပြုန်းတီးမှု အနည်းငယ် ရှိပါသည်။ ရွှေ့ပြောင်းလုပ်သားများ အနေဖြင့် ကျောက်မီးသွေးလုပ်ငန်း၊ ထုံးဖို လုပ်ငန်း တို့တွင် မြေပြိုခြင်းများစသည့် သဘာဝဘေး အန္တရာယ် ကျရောက်တတ်သောနေရာတွင် အလုပ်လုပ်ကိုင်ခြင်းကြောင့် ထိခိုက်မှု ရှိပါသည်။ ကားမောင်းပြီး အသက်မွေးသူများအနေဖြင့် ယာဉ် မတော်တဆမှုများကြောင့် ထိခိုက်နေမှု များပါသည်။ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များ စီမံခန့်ခွဲမှု အတွက် အလေ့အကျင့် ကောင်းများ စီမံဆောင်ရွက်မှု မရှိသေးပါ။ အသိပညာဗဟုသုတများ လိုအပ်ပါသည်။

## ၉။ ကျား-မရေးရာ

ယင်းမာပင်ကျေးရွာတွင် အမျိုးသမီးများသည် ကျေးရွာစီမံအုပ်ချုပ်မှုစနစ်၊ ခေါင်းဆောင်မှု ပိုင်းတွင် ပါဝင်လေ့မရှိသော်လည်း ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင် အဖွဲ့အစည်းများတွင် တက်ကြွစွာ ပါဝင်ပါသည်။ အမျိုးသမီးများ အကြမ်းဖက်မှုဆိုင်ရာ တိုင်ကြားမှုများ အနည်းငယ်ရှိပါသည်။ အမျိုးသမီး ရေးရာ အကြမ်းဖက်မှုများအတွက် ဥပဒေနှင့် တရားမျှတမှုဆိုင်ရာများအတွက် လူထု၏ အသိအမြင်ရှိမှုများ မရှိပါ။

လုပ်အားခများ အနေဖြင့် လုပ်အားပေါ် မူတည်၍ အမျိုးသားနှင့် အမျိုးသမီး လုပ်အားခ ကွဲပြားသွားပါသည်။

ပညာသင်ကြားမှုတွင် ရှေးယခင်က အမျိုးသမီးများ မူလတန်းပညာဖြင့် ကျောင်းထွက်မှုများပြီး ယခုအခါ အမျိုးသား၊အမျိုးသမီးမခွဲခြားဘဲ ပညာရေးကိုအားပေးကြပါသည်။

## ၁၀။ ဦးစားပေးဆောင်ရွက်မည့်အဆိုပြုစီမံချက်လုပ်ငန်းများ

ကျေးရွာ၏ ဦးစားပေးဆောင်ရွက်မည့် စီမံချက်များကို ကျေးရွာတွင် ရှာဖွေတွေ့ရှိချက်များ၊ လိုအပ်ချက်များကို အခြေခံ၍ ကျေးရွာလူထု ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဖော်ထုတ်ခဲ့ကြပါသည်။ ကျေးရွာ၏ ဦးစားပေးဆောင်ရွက်ရမည့် စီမံကိန်းလုပ်ငန်းများသည် ဆိုးဝါးသော သဘာဝဘေးအန္တရာယ် ကျရောက်မှုမှ လွဲ၍ပြောင်းလဲခြင်း မရှိနိုင်ပေ။ သို့သော် ဒေသတွင်း ဖွံ့ဖြိုးရေးဆိုင်ရာလိုအပ်ချက်များအရ အရေးကြီးပြုပြင်ပြောင်းလဲသင့်သောအရာများတွင် ထပ်တိုး စီမံကိန်းများ ထပ်မံထည့်ဝင်သွားမည် ဖြစ်ပါသည်။ ဦးစားပေးဆောင်ရွက်မည့် စီမံချက်များကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

သာစည်မြို့နယ်၊ ယင်းမာပင် ကျေးရွာအုပ်စု၊ ယင်းမာပင် ကျေးရွာ၏ ဦးစားပေးဆောင်ရွက်မည့်စီမံချက်များ

| စဉ် | စီမံချက်အမည် | ဦးစားပေးအဆင့် | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ | ၂၀၂၂ | ၂၀၂၃ |
|---|---|---|---|---|---|---|---|
| ၁ | အ.ထ.က စာသင်ကျောင်းရှေ့လမ်းအား ကွန်ကရစ်ခင်းခြင်း | ၁ | Â | | | | |
| ၂ | မီးဘေးအန္တရာယ်ကာကွယ်နိုင်ရန် ရပ်ကွက်တိုင်း တွင် အုတ်ရေလှောင်ကန်များ တည်ဆောက်ခြင်း | ၂ | | Â | | | |
| ၃ | လျှပ်စစ်မီး မသုံးစွဲနိုင်သေးသော အိမ်ထောင်စုများ အတွက် ဓါတ်တိုင်၊ ဓါတ်ကြိုးများ တိုးချဲ့ ဆောင်ရွက်ခြင်း (ကျေးရွာ မီးလင်းရေးလုပ်ငန်း) | ၃ | | | Â | | |
| ၄ | ကျေးရွာတစ်ရွာလုံး သောက်သုံးရေ ဖူလုံစွာ သုံးစွဲနိုင်ရန် အုတ်ကန်နှင့် ရေပိုက်လိုင်းများ တိုးချဲ့ တည်ဆောက်ခြင်း (ကျေးရွာ ရေရရှိရေးလုပ်ငန်း) | ၄ | | | | Â | |
| ၅ | ကျန်းမာရေး ဝန်ထမ်းများ ဖြည့်တင်း ခန့်ထားခြင်း | ၅ | | | | | Â |
| ၆ | ကျေးရွာ  အားကစားကွင်းအား ပြုပြင်ထိန်းသိမ်းခြင်း | ၆ | | | | | Â |
| ၇ | စာကြည့်တိုက် ပုံမှန်လည်ပတ်စေရန်နှင့် စာပေ ဟောပြောပွဲများ ကျင်းပခြင်း | ၇ | | | | | Â |

နောက်ဆက်တွဲ (၁)

## သာစည်မြို့နယ်၊ ယင်းမာပင် ကျေးရွာအုပ်စု၊ ယင်းမာပင် ကျေးရွာ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးချစ်မောင် | ဦးဘဦး | ၉/ သစန (နိုင်) ၀၇၉၀၅၇ | ၈၀ | ဥက္ကဋ္ဌ | ၀၉ – ၇၉၆၃၁၂၄၇၃ |
| ၂ | ဦးရဲမောင် | ဦးမြသောင်း | ၉/ သစန (နိုင်) ၁၆၄၃၅၅ | ၄၅ | အတွင်းရေးမှူး | ၀၉ – ၄၀၂၇၂၀၈၂ |
| ၃ | ဒေါ်ခင်မော် | ဦးအောင်တင့် | ၉/ မထလ (နိုင်) ၀၄၂၅၇၉ | ၅၀ | ဘဏ္ဍာရေးမှူး | ၀၉ – ၂၅၈၂၈၈၄၈၉ |
| ၄ | ဦးအောင်မြင့် | ဦးတင့် | ၉/ သစန (နိုင်) ၁၀၀၈၉၈ | ၅၅ | စာရင်းကိုင်-၁ | ၀၉ – ၇၉၀၅၀၈၁၇၈ |
| ၅ | ဦးကျော်ဝင်း | ဦးပေါ်ခွေး | ၉/ သစန (နိုင်) ၀၇၉၇၇၀ | ၆၄ | စာရင်းကိုင်-၂ | ၀၉-၂၅၀၈၉၀၃၅၆ |
| ၆ | ဦးစိုးမြင့် | ဦးလှရင် | ၉/ သစန (နိုင်) ၁၈၇၈၅၅ | ၅၉ | သော့ကိုင်-၁ | ၀၉ – ၄၀၂၆၉၅၃၂၃ |
| ၇ | ဦးလှသန်း | ဦးပေါ်စ | ၉/ သစန (နိုင်) ၀၇၉၁၃၄ | ၇၀ | သော့ကိုင်-၂ | ၀၉ – ၇၇၄၀၆၇၇၂၁ |
| ၈ | ဦးဇာနည်ကျော် | ဦးခင်မောင်လွင် | ၉/ သစန (နိုင်) ၁၈၈၁၉၈ | ၃၆ | အဖွဲ့ဝင် | ၀၉-၇၉၇၆၇၉၁၈၇ |
| ၉ | ဦးမြင့်ဌေး | ဦးထွန်းရှိန် | ၉/ သစန (နိုင်) ၁၂၀၃၃၄ | ၅၆ | အဖွဲ့ဝင် | ၀၉-၉၇၈၀၃၄၂၁၂ |
| ၁၀ | ဦးတင်အောင်ဝင်း | ဦးနီ | ၁၄/ ကလန (နိုင်) ၀၉၀၃၈၁ | ၄၂ | အဖွဲ့ဝင် | ၀၉-၇၉၅၇၇၇၂၆၁ |
| ၁၁ | ဒေါ်သန်းသန်းဌေး | ဦးတင်အောင် | ၉/ သစန (နိုင်) ၀၇၉၂၉၂ | ၅၆ | အဖွဲ့ဝင် | ၀၉-၈၉၅၈၆၈၈၆၇ |
| ၁၂ | ဒေါ်သန္တာလွင် | ဦးမောင်မောင် | ၉/ သစန (နိုင်) ၀၇၉၃၁၈ | ၄၈ | အဖွဲ့ဝင် | ၀၉-၂၂၂၅၂၃၅ |
| ၁၃ | ဦးသိန်းစိုး | ဦးအောင်မြင့် | ၇/ ပတန (နိုင်) ၀၀၂၇၁၂ | ၅၈ | အဖွဲ့ဝင် | ၀၉-၂၆၀၃၄၅၁၉၂ |

နောက်ဆက်တွဲ (၂)

**ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ**

**(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ**

**(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

**ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၇၄ | ၁၂၁ | ၁၉၅ |
| ၁ နှစ်မှ ၄ နှစ် | ၅နှစ်အောက်ကလေးငယ် | ၁၄၆ | ၁၅၉ | ၃၀၅ |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၃၆၈ | ၃၄၆ | ၇၁၄ |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၃၀၂ | ၂၉၄ | ၅၉၆ |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၂၇၉၅ | ၂၇၆၇ | ၅၅၆၂ |
| ၆၅ နှစ်နှင့် အထက် | သက်ကြီးရွယ်ကြီး | ၉၅ | ၁၄၂ | ၂၃၇ |
| **စုစုပေါင်း** | | ၃၇၈၀ | ၃၈၂၉ | ၇၆၀၉ |
| **စုစုပေါင်း အိမ်ထောင်စု** | | ၁၅၁၇ | | |

**ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။ ။ အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာမွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊ ၁နှစ်မှ၄နှစ် ဆိုသည်မှာ အသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊ ၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှ အသက် (၁၀) နှစ်မပြည့်မီအရွယ်၊ ၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီ အရွယ်၊ ၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာအသက် (၁၅)နှစ်ပြည့်သည်မှအသက် (၆၅) နှစ်မပြည့်မီ အရွယ်၊ အသက်၆၅နှစ်နှင့် အထက် ဆိုသည်မှာအသက် (၆၅) နှစ်ပြည့်အရွယ်နှင့် ၎င်းထက်အသက်ကြီးသည့် အရွယ်များကို ဆိုလိုသည်။**

လေ့လာတွေ့ရှိချက်။ ။ ယင်းမာပင်ကျေးရွာတွင် နို့စို့အရွယ် ၂.၅ %၊ ၅နှစ်အောက်ကလေးငယ်အရွယ် ၄ %၊ မူလတန်းကျောင်းသားအရွယ် ၉.၄%၊ အလယ်တန်း ကျောင်းသားအရွယ် ၇.၈%၊ အလုပ်လုပ်နိုင်သည့် အရွယ် ၇၃.၁% နှင့် သက်ကြီးရွယ်ကြီး ၃.၁% ခန့် ရှိပါသည်။တစ်အိမ်ထောင်ပျမ်းမျှလူဦးရေ ၅ ဦးခန့်ရှိပါသည်။ သက်ကြီးရွယ်ကြီးလူဦးရေသည် အလွန်နည်းပါးသည်ကို တွေ့ရှိရပြီး အသက်ရှည်သူ နည်းပါးသည်ကို လေ့လာတွေ့ရှိရပါသည်။ အမျိုးသမီးလူဦးရေ ပိုများပါသည်။

(ခ)အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁)လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| စိုက်ပျိုးစီးပွား လုပ်ငန်းများ | | | | | |
| ၁ | လယ်ယာစိုက်ပျိုးရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၀ | ၀ | ၀ | မြင့် ☐ လတ်☑ နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့်☐ လတ်☐ နိမ့်☐ |
| ၂ | တိရစ္ဆာန် မွေးမြူရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၇၈ | မြင့်☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့်☐ လတ်☐ နိမ့် ☐ |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း) | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| ၄ | သစ်တောလုပ်ငန်း | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၃၀ | ၇၀ | ၀ | မြင့် ☑လတ် ☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၁၆၇ | မြင့် ☐လတ် ☑နိမ့် ☐ |
| စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ | | | | | |
| ၅ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| ၆ | ထုတ်ကုန်လုပ်ငန်း | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၀ | ၀ | ၀ | မြင့် ☑လတ် ☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၁၂ | မြင့် ☐လတ် ☑နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| ၇ | လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ဝ | ဝ | မြင့် ☑လတ် ☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ဝ | ဝ | ဝ | မြင့် ☐လတ် ☐နိမ့် ☐ |
| ၈ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂၃၉ | ၅၆၀ | ဝ | မြင့် ☐လတ် ☑နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၄၅၀ | ဝ | ၁၃၇၀ | မြင့် ☐လတ် ☐နိမ့် ☑ |
| ၉ | ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၆ | ၁၇ | ဝ | မြင့် ☐လတ် ☑နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ဝ | ဝ | ၂၅ | မြင့် ☐လတ် ☑နိမ့် ☐ |
| ၁၀ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ဝ | ဝ | ၃၅ | မြင့် ☐လတ် ☑နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ဝ | ဝ | ၅၀ | မြင့် ☐လတ် ☑နိမ့် ☐ |
| ၁၁ | လက်လီ- လက်ကား ရောင်းဝယ်ရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၈၇ | ၇၀ | ဝ | မြင့် ☑လတ် ☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ဝ | ဝ | ၁၃၀ | မြင့် ☐လတ် ☑နိမ့် ☐ |
| ၁၂ | ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၆ | ၁၈ | ဝ | မြင့် ☑လတ် ☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ဝ | ဝ | ၃၀ | မြင့် ☐လတ် ☑နိမ့် ☐ |
| ၁၃ | ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ဝ | ဝ | ဝ | မြင့် ☐လတ် ☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ဝ | ဝ | ဝ | မြင့် ☐လတ် ☐နိမ့် ☐ |
| ၁၄ | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း) | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ဝ | ဝ | ၄ | မြင့် ☑လတ် ☐နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | | |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၅၀ | ၅၀ | ၃၀ | မြင့် ☑လတ် ☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| ၁၆ | ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး) | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၆၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| ၁၇ | **ပညာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၄ | ၀ | ၇ | မြင့် ☐လတ် ☑နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| ၁၈ | **ကျန်းမာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၁၂၀ | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၂၀ | ၀ | ၀ | မြင့် ☐လတ် ☑နိမ့် ☐ |
| | စုစုပေါင်း | | | | ☒ |

**ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

လေ့လာတွေ့ရှိချက်။ ။ ယင်းမာပင်ကျေးရွာ၏ အဓိက စီးပွားရေးလုပ်ငန်းမှာ လက်လီ လက်ကား ရောင်းဝယ်ရေးဖြစ်ပါသည်။ ကျေးရွာသည် မိတ္ထီလာ-တောင်ကြီး ပြည်ထောင်စု ကားလမ်းမ ဖြတ်သန်းသွားရာ ကျေးရွာ ဖြစ်ပြီး လမ်းဘေးတစ်လျှောက် ထမင်းဆိုင်များ စတိုးဆိုင်များ၊ လက်ဘက်ရည်ဆိုင်များဖွင့်လှစ်ထားပါသည်။ ကျေးရွာတွင် စတိုးဆိုင်ကြီးများ၊ အိမ်ဆိုင်၊ ဆေးဆိုင်၊ ယာဉ်စက်ပစ္စည်းဆိုင်၊ ကုန်မာဆိုင်များ ရှိပါသည်။ ကျေးရွာသည် တောင်ပေါ် ဒေသ ဖြစ်သောကြောင့် သစ်/ ဝါးခုတ်လုပ်ငန်း လုပ်ကိုင်သူများရှိပါသည်။ သစ်အချောထည်ဖြစ်သော စားပွဲဆက်တီ များ၊ မှန်တင်ခုံများ၊ ဘီရိုများ စသည့် ပရိဘောဂပစ္စည်းရောင်းဆိုင်များ၊ ဝါးထရံဆိုင်များလည်း ရှိပါသည်။ ကျေးရွာ ဝန်းကျင်တွင် အပါချီ၊ Blue Diamond ဘိလပ်မြေစက်ရုံများရှိပြီး စက်ရုံဝန်ထမ်းများ၊ စက်ရုံသို့ သွင်းကုန် ထုတ်ကုန်များ သယ်ယူပို့ဆောင်ခြင်းအတွက် Faw ကား၊ ၁၂ ဘီး ကား၊ ၆ ဘီးကား၊ ထော်လာဂျီ စသည့်ဖြင့် ကား ထောင်၍ အသက်မွေးဝမ်းကျောင်းပြုသူများရှိပြီး အိမ်ထောင်စု (၅၀) ခန့်ရှိပါသည်။ ကျေးရွာသည် တိုက်နယ် အဆင့်ဖြစ်ပြီး အစိုးရရုံးများဖြစ်သော တိုက်နယ်ဆေးရုံ၊ ရဲစခန်း၊ သစ်တောဦးစီးဌာန၊ စည်ပင်သာယာဈေး၊ ဘူတာ၊ အ.ထ.က ကျောင်း၊ အမှတ် (၂) တပ်မတော်အကြီးစားစက်ရုံ (တကစ-၂)တို့ရှိပြီး အစိုးရဌာနများမှ အငြိမ်းစားဝန်ထမ်း (၃၀)ဦး ခန့်ရှိပါသည်။ အငြိမ်းစားဝန်ထမ်းအချို့သည် ဥယျာဉ်ခြံမြေစိုက်ပျိုးကြပါသည်။ သရက်ပင်နှင့်သနပ်ခါးပင် တွဲဖက်စိုက်ပျိုးခြင်း၊ သရက်ပင်သီးသန့် စိုက်ပျိုးခြင်း၊ လျှော်ဖြူပင်စိုက်ပျိုးခြင်း လုပ်ငန်းများလုပ်ကိုင်ကြပြီး စုစုပေါင်း စိုက်ဧက (၁၈) ဧကခန့်ရှိပါသည်။ အမျိုးသမီး (၃၀) ခန့် သည် တ.က.စ (၂) တွင် ဝန်ထမ်းအဖြစ် အလုပ်ရကြပါ သည်။ ကျေးရွာ၏ အိမ်ထောင်စုအများစုသည် နေ့စားကျပန်းလုပ်သားများများပြီး ပြည်ထောင်စုလမ်းမကြီး တစ် လျှောက် လမ်းလုပ်ငန်းများတွင် သွားရောက်လုပ်ကိုင်ကြပါသည်။ တောင်ပေါ်ဒေသဖြစ်၍ ထင်း၊ ဝါး၊မျှောခုတ်ခြင်း လုပ်ငန်းများ၊ ရာသီအလိုက် မျှစ်ချိုး၊ မှိုရှာ၊ အင်ဥ၊ ဝဥတူးခြင်းများ စသည့် ကျပန်းအလုပ် လုပ်ကိုင်သူများလည်း ရှိပါသည်။

**(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

**ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၀ | ၀ | ၀ | ၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | ၀ | ၀ | ၀ | ၀ |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း) | နေ့စား | ၀ | ၀ | ၀ | ၀ |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | ၀ | ၀ | ၀ | ၀ |

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | ၀ | ၀ | ၀ | ၀ |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၆၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၄၀၀၀ |
| ၇ | ယာဉ်၊စက်ကိရိယာ၊အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | ၄၅၀၀ | ၀ | ၃၅၀၀ | ၀ |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | ၄၅၀၀ | ၄၅၀၀ | ၃၅၀၀ | ၃၅၀၀ |
| ၉ | ကျွမ်းကျင်ပညာရှင်များ(ဆံပင်၊အလှပြင်၊ အပ်ချုပ်၊အင်ဂျင်နီယာ၊သင်တန်းပေးသူ စသည်) | နေ့စား | ၀ | ၀ | ၀ | ၀ |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း | နေ့စား | ၀ | ၀ | ၀ | ၀ |

**ရင်းမြစ်...ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။**

**မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)**

**(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)**

လေ့လာတွေ့ရှိချက်။ ။ လုပ်အားခနှုန်းများတွင် ကျား/ မ အလိုက် ကွာခြားမှု မရှိပါ။ ဆောက်လုပ်ရေး၊ ပန်းရံလုပ်ငန်းတွင် အလုပ်လုပ်နိုင်သည့် ခွန်အားနှင့် အလုပ်ကြမ်း လုပ်ငန်းပေါ်မူတည်သောကြောင့် ကွာခြားရခြင်း ဖြစ်ပါသည်။

**(ဂ) သဘာဝရင်းမြစ်များ**

**(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ**

**ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု**

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာအရည်အသွေး (မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်) |
|---|---|---|
| လယ်မြေ | ၀.၀၀ | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | ၀.၀၀ | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | ၁၈.၀၀ | ကောင်း ☑ သင့်☐ ညံ့ ☐ |
| ကိုင်း/ ကျွန်းမြေ | ၀.၀၀ | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ဓနိတောမြေ | ၀.၀၀ | ကောင်း ☐ သင့်☐ ညံ့ ☐ |
| စားကျက်မြေ | ၀.၀၀ | ကောင်း ☐ သင့်☐ ညံ့ ☐ |

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာအရည်အသွေး (မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်) |
|---|---|---|
| မြေလွတ်မြေလပ် | ၀.၀၀ | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **စုစုပေါင်း** | ၁၈ | ☒ |

**ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။ ။ မြေလွတ်မြေလပ်ဆိုသည်မှာ ယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွှတ်ထားသည့်သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကိုဆိုသည်။**

လေ့လာတွေ့ရှိချက်။ ။ ယင်းမာပင်ကျေးရွာတွင် ရှေးယခင်က စိုက်ပျိုးရေးလုပ်ငန်းကို အိမ်ထောင်စု ၁၀၀ စု ခန့်မှ လုပ်ကိုင်ကြသော်လည်း ယခုအခါတွင် အခြားစီးပွားရေးလုပ်ငန်းများကို အခြေပြုလုပ်ကိုင်လာကြ သောကြောင့် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ မရှိသလောက် နည်းပါးလာပါသည်။ စိုက်ပျိုးမြေတွင် နွားစားပြောင်းနှင့် ပြောင်းဖူးကိုသာ စိုက်ပျိုးပါသည်။ ဥယျာဉ်ခြံမြေအဖြစ် ၁၈ ဧကခန့်ရှိပြီး အိမ်ထောင်စု (၁၀) စုခန့်မှ လုပ်ကိုင်ကြ ပါသည်။ သရက်ခြံ၊ သရက်ပင်နှင့် သနပ်ခါးပင် တွဲဖက်စိုက်ပျိုးထားသောခြံ၊ လျှော်ဖြူခြံများ ဖြစ်ပါသည်။

**(၈-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ**

**ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ**

| **အမျိုးအစား** | **ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်)** | **အသုံးချနိုင်မှု (မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်)** |
|---|---|---|
| သတ္တုနှင့်အခြားတွင်းထွက် သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။) | များ ☐ သင့်☐ နည်း ☐ မရှိ ☐ | လွယ်☐ ခက်☐ အသုံးမပြုနိုင်ပါ ☐ |
| ကျောက်၊သဲ၊ကျောက်စရစ်စသည်များ | များ ☑ သင့်☐ နည်း ☐ မရှိ ☐ | လွယ် ☑ ခက်☐ အသုံးမပြုနိုင်ပါ ☐ |
| သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ ☐ သင့် ☑ နည်း ☐ မရှိ ☐ | လွယ် ☑ ခက်☐ အသုံးမပြုနိုင်ပါ☐ |
| သဘာဝတိရစ္ဆာန်မျိုးစိတ်များ | များ ☐ သင့်☑ နည်း☐ မရှိ ☐ | ☒ |

**ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။**

လေ့လာတွေ့ရှိချက်။ ။ ယင်းမာပင်ကျေးရွာ အနီးတဝိုက် ဘုရားငါးဆူကျေးရွာ ဝန်းကျင်တွင် ကျောက်များ ထွက်ရှိပါသည်။ ယင်းမာပင် ကျေးရွာသည် တောင်ပေါ်ဒေသဖြစ်သောကြောင့် သစ်ရိပ်ဝါးရိပ် ပေါ်များပြီး သဘာဝ ဆေးဘက်ဝင် အပင်များလည်း အသင့်အတင့် ပေါက်ရောက်ပါသည်။ မြေစာမြက်၊ မြင်းခွာရွက်၊ ဆင်ထုံးမနွယ်၊ ကြိတ်မှန်၊ ဘီးစက်ပင်၊ အုန်းနဲ့ပင် စသည့် ဆေးဘက်ဝင်အပင်များနှင့် သဘာဝတိရစ္ဆာန်မျိုးစိတ်များဖြစ်သော ယုန်၊ မြွေ၊ တောက်တဲ့နှင့် ငှက်အမျိုးအမျိုးတို့ကို တွေ့ရှိရပါသည်။

**(ဃ)ဥစ္စာဓနအဆင့် အခြေအနေ**

**ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ**

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိ သောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သော အိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | အလွန်နည်း (သို့) မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့် ကောင်း | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အဓိကစီးပွားရေး လုပ်ငန်း | စီးပွား (ဝင်ငွေ) အလွန်ကောင်း | စီးပွား (ဝင်ငွေ) အသင့်အတင့် | စီးပွား (ဝင်ငွေ) နည်း | စီးပွား (ဝင်ငွေ) အလွန်နည်း |
| အိမ်ထောင်စု | ၁၇၀ | ၅၅၀ | ၃၇၇ | ၄၂၀ |

**ရင်းမြစ်... (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။**

လေ့လာတွေ့ရှိချက်။ ။ ယင်းမာပင်ကျေးရွာတွင် ဆင်းရဲချမ်းသာ ကွာဟမှု ရှိပါသည်။ ယင်းမာပင်ကျေးရွာတွင် လက်လုပ်လက်စားများ များပြီး ကျေးရွာအနီးတွင် ဘိလပ်မြေ စက်ရုံများရှိပြီး ယင်းကို အမှီပြု၍ ကျောက်ကားများတည်ထောင်၍ အသက်မွေးဝမ်းကျောင်း ပြုခြင်း၊ မန္တလေး-မိတ္ထီလာ-ကလော-တောင်ကြီး လမ်းမကြီးတည်ရှိသောကြောင့် ခရီးသည်ကားများ ခရီးတစ်ထောက်နားရာ ကျေးရွာဖြစ်၍ စားသောက်ဆိုင်၊ ထမင်းဆိုင်များရှိခြင်း၊ တိုက်နယ်တစ်ခုဖြစ်၍ အိမ်ထောင်စု၊ လူဦးရေ ကျယ်ပြန့်၍ စတိုးဆိုင်ကြီးများ

